**Sisters 2 Sisters | Myanmar**

stos.campaign@gmail.com https://sisters2sisters.org


# မထက်ထက်ဇော် အား သတ်ဖြတ်ခဲ့သည့် တရားခံ ဇော်ဝင်းထွဋ် (ခ) ဝဌာ အား ထိုင်းအာဏာပိုင်များထံ အပ်နှံခြင်း နှင့်စပ်လျဉ်း၍ ထုတ်ပြန်ချက်

ရက်စွဲ။ ။ ၂၀၂၄ ခုနှစ်၊ ဇူလိုင် (၉) ရက်။

စင်္ကာပူနိုင်ငံတွင်နေထိုင်သူ မထက်ထက်ဇော် (ခ) Nandar အသက် (၂၆) နှစ်သည် မဲဆောက်မြို့ရှိ၄င်း၏ ခင်ပွန်းဖြစ်သူ ဇော်ဝင်းထွဋ် (ခ) ဝဌာ၏ ဆိုးရွားပြင်းထန်စွာ ကိုယ်ထိလက်ရောက် ရိုက်နှက်မှု ဒဏ်ကြောင့် ၂၀၂၄ ခုနှစ် ဧပြီလ (၆) ရက်နေ့တွင် သေဆုံးခဲ့ရပါသည်။

မထက်ထက်ဇော် သေဆုံးပြီး (၃) လ အကြာ ၂၀၂၄ ခုနှစ် ဇူလိုင်လ (၇) ရက်နေ့တွင် ကျူးလွန်သူ ဇော်ဝင်းထွဋ် (ခ) ဝဌာအား တရားစီရင်ရန် ဖြစ်ရပ်ဖြစ်ပွားရာ မဲဆောက်မြို့ရှိ ထိုင်းအာဏာပိုင်များထံ လွှဲပြောင်းပေးအပ်နိုင်ခဲ့ကြပါသည်။

တော်လှန်ညီအမများဖြင့် ဖွဲ့စည်းထားသည့် #Sisters2Sisters အနေဖြင့် ပြစ်ဒဏ်ကင်းလွတ်ခွင့်အား အဆုံးသတ်၍ တရားမျှတမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိသည့် လူ့အသိုက်အဝိုင်း ပေါ်ပေါက်ရန်မျှော်မှန်း၍ အဆိုပါ ဖြစ်ရပ်တွင် မထက်ထက်ဇော်အတွက် တရားမျှတမှုရရှိရန် နိုင်ရာဝန်ထမ်း၍ ပါဝင် ဆောင်ရွက်ခဲ့ပါသည်။

- **ကျမတို့အနေဖြင့် "ပြစ်ဒဏ်ကင်းလွတ်ခွင့်မရှိစေရ" မှု အထက်တွင်မည်သူမျှ မရှိရေး သေချာစေရန် အတွက် မိမိတို့အရင်းအမြစ်များနှင့်လက်လှမ်းမီသည့် မဟာဗျူဟာ မြောက်သော ဖြစ်ရပ်များကို ရွေးချယ် အခြေခံ၍ တိုက်တွန်းနှိုးဆော်မှုများ ဆက်လက် ဆောင်ရွက် သွားမည်ဖြစ်သည်။**

- **ကျမတို့အနေဖြင့် မထက်ထက်ဇော်အား သတ်ဖြတ်ခဲ့သည့် တရားခံအား ဥပဒေများနှင့်အညီ တရားစီရင် နိုင်ရေး၊ စစ်အုပ်စု က အမျိုးသမီးများအပေါ် ကျူးလွန်သည့် စစ်ရာဇဝတ်မှုများ**

**နှင့် တော်လှန်ရေး ကာလအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ ချိုးဖောက်နှောင့်ယှက်မှုများအား ရပ်တန့်နိုင်ရေး၊ တာဝန်ယူမှု တာဝန်ခံမှုရှိရေးအတွက် အခြားသော တော်လှန်ညီအမ အစုအဖွဲ့များ၊ တော်လှန်ရေးအဖွဲ့အစည်းများနှင့် သွေးစည်းညီညွတ်စွာ လက်တွဲကာ ဆက်လက် ဆောင်ရွက်သွားပါမည်။**

ယခု ကဲ့သို့ တရားခံ လွှဲပြောင်းနိုင်ရေးအတွက် ပူးပေါင်းပါဝင်ခဲ့ကြသည့် တော်လှန်ရေးအစု အဖွဲ့ ဖြစ်သည့် Lion Battalion စစ်ကြောင်း၊ တရားစီရင်နိုင်ရေးပါဝင်ဆောင်ရွက်ကြသည့် ထိုင်းနိုင်ငံသား ဥပဒေရေးရာအဖွဲ့အစည်း၊ ရဲစခန်းအသီးသီး နှင့် အမျိုးသမီးရေးရာပံ့ပိုးကူညီကြသည့် နယ်စပ်ရှိ အဖွဲ့အစည်းများ၊ မေတ္တာဖြင့် ပါဝင်ကူညီကြသည့် ဘာသာပြန်များ၊ တရားခံ လွှဲပြောင်းနိုင်ရေး ပါဝင်အားဖြည့်ခဲ့ကြ သည့် အမျိုးသား ညီညွတ်ရေးအစိုးရ - အမျိုးသမီး၊ လူငယ်နှင့်ကလေး သူငယ်ရေးရာ ဝန်ကြီးဌာန ၊ ကရင်အမျိုးသမီး အစည်းအရုံး နှင့် တော်လှန်ညီအမများ၊ တော်လှန် ပြည်သူများ အား လေးစားစွာဖြင့် ကျေးဇူးတင် ကြောင်း ဖော်ပြအပ်ပါသည်။

"တော်လှန်ရေးပန်းတိုင် ကျမတို့အားလုံးအတွက် ဖြစ်ပါစေ၊
ပြစ်ဒဏ်ကင်းလွတ်ခွင့် ကျရှုံးပါစေ။"

**သွေးစည်းညီညွတ်မှုဖြင့်**

**Sisters to Sisters**

**ဆက်သွယ်ရန် -**

မသဥ္ဇာရွှန်းလဲ့ရည် - +959795574775 (Signal)

မထိပ်ထား - @Htake.86 (Signal)